ချင်းပြည်နယ်အစိုးရနှင့်ချင်းအမျိုးသားတပ်ဦး

တို့အကြားပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းမှုဖော်ဆောင်နိုင်ရေး

ပဏာမ သဘောတူညီချက်

ထာဝရတည်တံ့သော ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်သော အလို့ငှာ.....

- ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ထာဝရတည်တံ့သည့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ထုတ်ပြန်လိုက်သည့် ထုတ်ပြန်ချက် ၁/ ၂၀၁၁ ကို အခြေခံ၍သော်၎င်း၊
- ၂၀၁၁ ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်တို့ သဘောတူညီချက်ဖြင့် ဖွဲ့စည်းလိုက်သည့်တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မီတီလုပ်ငန်းစဉ်များကို တဆင့်ပြီးတဆင့်လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက်သော်၎င်း၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတဦးသိန်းစိန်၏ တာဝန်ပေးချက်အရ၊ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းဦးဆောင်သည့်အဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ စတုတ္ထအကြိမ်ပါတီညီလာခံသက်တမ်း ဥက္ကဋ္ဌ Pu Zing Cung (ပူး ဇင်ကျုံး) နှင့် လက်ထောက်အထွေထွေအတွင်းရေးမှူး (Dr. Sui Khar) ဒေါက်တာ ရွှေခါးရ်တို့၊ ထိုင်းနိုင်ငံတနေရာတွင် ပဏာမတွေ့ဆုံဆွေးနွေးမှုပြီးသည့်နောက်ပိုင်း၊ ချင်းအမျိုးသားတပ်ဦး၏ စတုတ္ထအကြိမ်ပါတီညီလာခံသက်တမ်း ဗဟိုအလုပ်အမှုဆောင်ကော်မီတီဆုံးဖြတ်ချက်အမှတ် ၉/ ၂၀၁၁ အား ချင်းအမျိုးသားတပ်ဦး၏ ပထမအကြိမ်အရေးပေါ်ပါတီညီလာခံက ထပ်မံအတည်ပြုထောက်ခံပေးသဖြင့်၊ အဆိုပါအရေးပေါ်ညီလာခံ၏ သဘောတူထောက်ခံချက်အား အကောင်အထည်ဖော်ဆောင်ရန်အတွက်သော်၎င်း၊
- သို့ဖြစ်၍ ထာဝရတည်တံ့သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရေးအလို့ငှာ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့များသည် သမိုင်းတွင်မည့် အောက်ပါအချက်များအား နှစ်ဦးနှစ်ဖက်သဘောတူလက်မှတ်ရေးထိုးလိုက်သည်။

(၁) ချင်းပြည်နယ်အစိုးရ၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည် ဤသဘောတူညီချက်လက်မှတ်ရေးထိုးသည့်အချိန်မှစပြီး စစ်ရေးအပါအဝင် ရန်လိုမှုတိုက်ခိုက်ပစ်ခတ်မှုများကို နှစ်ဦးနှစ်ဖက်ချက်ချင်းရပ်ဆိုင်းရန် သဘောတူသည်။

(၂) ချင်းပြည်နယ်အစိုးရပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ဤသဘောတူညီချက်ပါ အကြောင်းအရာများကို အရှိန်အဟုန်မြင့်ဆောင်ရွက်ရန် ချင်းပြည်နယ်ထန်တလန်မြို့တွင် ဆက်ဆံရေးရုံးဖွင့်ရန် သဘောတူသည်။

တီးတိန်နှင့်မတူပီမြို့များတွင် ဆက်သွယ်ရေးရုံးများဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာသို့တင်ပြပြီး အကြောင်းပြန်ကြားမည်ဖြစ်ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားစဉ်ကာလအတွင်း ချင်းအမျိုးသားတပ်ဦး/ တပ်မတော်တို့သည်၊ ထန်တလန်မြို့နယ် တလန်ပီးကျေးရွာအုပ်စု၊ ဒွန်းကျေးရွာအုပ်စုနှင့် ဇန်တလန်ကျေးရွာအုပ်စု၊ (၃) အုပ်စုဝန်းကျင်တွင် ယာယီအခြေပြုနေထိုင်ရန် သဘောတူသည်။ ၎င်းအပြင်၊ တီးတိန်မြို့နယ် ဖိမ်ပီးကျေးရွာအုပ်စု။ ဘုတ်ဖိရ်ကျေးရွာအုပ်စု နှင့် ပလက်ဝမြို့နယ် ကုန်ပြင်ကျေးရွာအုပ်စု၊ ပါရာကျေးရွာအုပ်စု၊ ပထိန်တလန်ကျေးရွာအုပ်စုတို့တွင် နေထိုင်ရန်ကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာသို့တင်ပြအကြောင်းပြန်ကြားမည် ဖြစ်ပါသည်။

(၃) ချင်းပြည်နယ်အစိုးရပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးအဖွဲ့တို့သည် လက်နက်ကိုင်ဆောင်ခြင်းမပြုသော ချင်းအမျိုးသားတပ်ဦးအဖွဲ့ဝင်များနှင့် ချင်းအမျိုးသားတပ်မတော်တပ်ဖွဲ့ဝင်များအား ပြည်ထောင်စုအတွင်း မည်သည့်နေရာ၌မဆိုလွတ်လပ်စွာခရီးသွားလာခွင့်ပြုရန် သဘောတူသည်။

(၄) ချင်းပြည်နယ်အစိုးရပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ပြည်ထောင်စုအစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရန်အတွက် အချိန်နှင့်နေရာများသတ်မှတ်နိုင်ရေးထပ်မံတွေ့ဆုံမှုများကို အလျင်အမြန်ပြုလုပ်ရန် သဘောတူသည်။ ထိုသို့ပြည်ထောင်စုအဆင့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင် အခြေခံမှုများအဖြစ် ဒို့တာဝန်အရေးသုံးပါးအပြင်၊ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားများအရေးနှင့် ဒီမိုကရေးစီထွန်းကားရေးတို့အား အခြေခံလျှက် တွေ့ဆုံဆွေးနွေးခြင်းပြုလုပ်ရန်မှုအားဖြင့် သဘောတူသည်။

(၅) ချင်းပြည်နယ်အစိုးရပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည်၊ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရာတွင် ချင်းပြည်သူများ၏သဘောထားကို အခြေခံလျှက် ဆွေးနွေးခြင်းများပြုလုပ်နိုင်ရေး ဤသဘောတူညီချက်လက်မှတ်ရေးထိုးပြီးသည်နှင့် တပြိုင်နက် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်သားများအား ပြည်တွင်းပြည်ပရှိ ချင်းပြည်နယ်များနှင့် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးခြင်း (Public Consultation) ကို ပြုလုပ်ခွင့်ပြုရန် သဘောတူသည်။

(၆) ချင်းပြည်နယ်အစိုးရပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည်၊ ချင်းပြည်သူပြည်သားများ ရင်ဆိုင်နေသည့်အစားအစာပြတ်လပ်မှု၊ ဆေးဝါးပြတ်လပ်မှု၊ သန့်ရှင်းသောသောက်သုံးရေများ ပြတ်လပ်မှု စသည့်ပြဿနာများအား ဖြေရှင်းနိုင်ရန် နိုင်ငံတကာမှအစိုးရမဟုတ်သည့် ပရဟိတအဖွဲ့ (Non- Governmental Organizations) များ

အား အဆိုပါကိစ္စများကို ချင်းပြည်နယ်အတွင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အထောက်ဖော်ပြပါလုပ်ငန်းများအား တည်ဆဲဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပြုရန် သဘောတူသည်။

(၇) ချင်းပြည်နယ်အစိုးရပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အဆင်းရဲဆုံးပြည်နယ်တခုဖြစ်သည့် ချင်းပြည်နယ်အား ခေတ်မီတိုးတက်သည့်ပြည်နယ်တခုသို့ အသွင်ကူးပြောင်းနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုဖြင့် စီးပွားရေးအထူးဇုံ (Special Economic Zone (here in after SEZ) ကို ချင်းအမျိုးသားတပ်ဦးမှ (SEZ) ဥပဒေနှင့်အညီ ဦးဆောင်လုပ်ဆောင်ရန် သဘောတူသည်။ အဆိုပါ စီးပွားရေးအထူးဇုံ ထူထောင်ရေးကို ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအစိုးရတို့အကြား လုပ်ငန်းဖော်ဆောင်မှု ဆွေးနွေးလုပ်ဆောင်ရန် သဘောတူသည်။

(၈) ချင်းပြည်နယ်အစိုးရပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့သည် အပြန်အလှန်အကြံပေးခြင်း၊ ပူးတွဲလုပ်ဆောင်ခြင်း၊ ညှိနှိုင်းဖလှယ်ခြင်းများကို လိုအပ်လျှင်လိုအပ်သကဲ့သို့ ပူးတွဲလုပ်ဆောင်ရန် သဘောတူသည်။

(၉) ချင်းပြည်နယ်အစိုးရပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ချင်းပြည်နယ်မြောက်ပိုင်းတွင် ဘိန်းခင်းများ၊ ဘိန်းလုပ်ငန်းများ၊ ဘိန်းကုန်ကူးခြင်းစသည်များကို အမြစ်ပြုတ်ချေမှုန်းနိုင်ရေး ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို အပြန်အလှန်ပူးပေါင်းလုပ်ဆောင်သွားရန် သဘောတူသည်။

ဤသဘောတူညီချက် (၉) ချက်ကို ချင်းပြည်နယ်၏ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်သမ္မတကြီးဦးသိန်းစိန် ဖွဲ့စည်းတာဝန်ပေးထားသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အဖွဲ့ဝင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်းနှင့်၊ ချင်းငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့တို့၏ ရှေ့မှောက်တွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၆) ရက်နေ့၌ နှစ်ဦးနှစ်ဖက်သဘောတူလက် မှတ်ရေးထိုးလိုက်သည်။

## ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ကိုယ်စားလှယ်များက ချင်းငြိမ်းချမ်းရေးအကျိုးဆောင်ကိုယ်စားလှယ်များအား အသိသက်သေပြုလျက် သဘောတူလက်မှတ်ရေးထိုးသည့်

# သဘောတူညီချက်များ

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ တန်းတူညီမျှရေး၊ လူမှုစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် ငြိမ်းချမ်းစွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ဆောင်နိုင်ရေးအလို့ငှာ၊ ချင်းပြည်နယ်ဟားခါးမြို့တွင် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၌ ချင်းအမျိုးသားတပ်ဦး၊ ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အဖွဲ့ဝင်များနှင့် ချင်းငြိမ်းချမ်းရေးအကျိုးဆောင်များအကြား ပဏာမသဘောတူညီချက် (၉) ချက်အပေါ် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ (Terms of Reference) တို့ကို အပြန် အလှန်ရိုးသားပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး၊ လေးနက်တည်ကြည်စွာဖြင့် နှစ်ဦးနှစ်ဖက်မှ လိုက်နာခြင်း၊ လုပ်ဆောင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်း၊ ပြုလုပ်နိုင်ရန်ရည်ရွယ်၍ ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ကိုယ်စားလှယ်များသည် ချင်းငြိမ်းချမ်းရေးအကျိုးဆောင်ကိုယ်စားလှယ်များအား အသိသက်သေပြုလျက် ၂၀၁၂ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ဤသဘောတူညီချက်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

### သဘောတူညီချက် (၁)
### အပစ်အခတ်ရပ်စဲခြင်း သဘောတူညီချက်

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ချင်းပြည်နယ်အစိုးရ၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ အကြား၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစပြီး စစ်ရေးအပါအဝင် ရန်လိုတိုက်ခိုက်ပစ်ခတ်မှုများကို နှစ်ဦးနှစ်ဖက်ချက်ချင်းရပ်ဆိုင်းရန် သဘောတူထားသည့်အချက်အား ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ "ပြည်ထောင်စုအဆင့် သဘောတူညီချက်" အဖြစ် ထပ်မံအတည်ပြုသည်။ ထိုမှတစ်ဆင့် စစ်မက်ဖြစ်ပွားမှုများ ပြည်ထောင်စုတစ်ဝှမ်းတွင် ချုပ်ငြိမ်းပြီး ပြည်ထောင်စုတစ်ခုလုံးအသွင်ဆောင်သော စစ်ရေးအပါအဝင် ရန်လိုတိုက်ခိုက်ပစ်ခတ်မှုများ အဆုံးသတ်စေရေးကို နှစ်ဦးနှစ်ဖက်မှ လက်တွဲကာ ကြိုးစားလုပ်ဆောင်ရန် သဘောတူသည်။

## သဘောတူညီချက် (၂)

## ပဏာမသဘောတူညီချက်ပါ ယာယီအခြေပြုနေထိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်

ချင်းပြည်နယ်အစိုးရ/ ပြည်ထောင်စုအစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲထားသည့်ကာလအတွင်း ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော် အဖွဲ့ဝင်များသည် ယာယီအခြေပြုနေထိုင်ရန် သဘောတူထားသည့် ထန်တလန်မြို့နယ် တလန်ပီး၊ ဒွန်းနှင့် ဇန်တလန်ကျေးရွာအုပ်စုများ၊ တီးတိန်မြို့နယ် ဖိမ်ပီးနှင့် ဘုတ်ဖိရ်ကျေးရွာအုပ်စုများတွင် အခြေပြုနေထိုင်ရေးနှင့် ပတ်သက်၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေဧရိယာဖြစ်သဖြင့် ဒုတိယအကြိမ်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆက်လက်ဆွေးနွေးရန် သဘောတူသည်။ ထို့အပြင် ထန်တလန်မြို့နယ် ဒမ်ပီးအုပ်စု၊ သွီးဒီလ်အုပ်စု၊ ပလက်ဝမြို့နယ် ရှာအိုအုပ်စု၊ ရွှေလက်ဝအုပ်စု၊ ရကန် စသည့်ကျေးရွာများတွင် အခြေပြုနေထိုင်ခွင့်ထပ်မံတောင်းဆိုခြင်းကို ဒုတိယအကြိမ်ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးရန် သဘောတူသည်။

ဤပြည်ထောင်စုအဆင့် ဆွေးနွေးသဘောတူညီချက် လက်မှတ်ရေးထိုးပြီးသည်နှင့် ချင်းအမျိုးသားတပ်ဦးနှင့် တပ်မတော်သားများ ယာယီအခြေပြုနေထိုင်သည့် သတ်မှတ်ထားသော နယ်မြေဧရိယာအတွင်းသို့ ငြိမ်းချမ်းရေးဖော်ဆောင်မှုကို အထောက်အကူပြုမည့်လုပ်ငန်းများလုပ်ဆောင်ရန် မြန်မာ့တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များသည် မည်သည့်နည်းလမ်းများဖြင့်မဆို ဝင်ရောက်ဖြတ်သန်းလိုပါက သက်ဆိုင်ရာဆက်ဆံရေးရုံးမှ တစ်ဆင့် ကြိုတင်အကြောင်းကြားခြင်း ပြုလုပ်ရမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်သဘောတူညီမှုရရှိပြီးမှသာ ဝင်ရောက်ဖြတ်သန်းသွားလာခြင်း ပြုလုပ်ရမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်သဘောတူညီမှုရရှိပြီးမှသာ ဝင်ရောက်ဖြတ်သန်းသွားလာခြင်း ပြုလုပ်ရမည်။ အရေးပေါ်ကိစ္စများတွင် ဒေသခံတပ်မှူးအချင်းချင်း အသိပေးအကြောင်းကြားခြင်းများပြုလုပ်၍ တပ်ပြောင်းရွှေ့မှုများ ပြုလုပ်နိုင်သည်။ သို့သော် ဒေသဆိုင်ရာဆက်ဆံရေးရုံးသို့ အမြန်ဆုံးအကြောင်းကြားရမည်။

ပဏာမသဘောတူညီချက်ပါအချက်အတိုင်း ပြည်ထောင်စုအဆင့်ဆွေးနွေး သဘောတူညီချက်လက်မှတ်ရေးထိုးပြီး၊ ယာယီအခြေပြုနေထိုင်ခွင့်ရရှိထားသည့် နယ်မြေပြင်ပသို့ စစ်ယူနီဖောင်းမဝတ်၊ လက်နက်များကိုင်ဆောင်ခြင်း မပြုပါက၊ ချင်းအမျိုးသားတပ်မတော်သားများနှင့် ချင်းအမျိုးသားတပ်ဦးအဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံသားများနည်းတူ ပြည်ထောင်စုတစ်ဝှမ်းလုံးတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာ ခရီးသွားလာခွင့်ရှိသည်။ သို့ရာတွင် ယာယီအခြေပြုနေထိုင်ခွင့်ပေးထားသည့် နယ်မြေဧရိယာပြင်ပသို့ တပ်ရွှေ့ပြောင်းခြင်းနှင့် အခြားကိစ္စများကြောင့် လက်နက်များကိုင်ဆောင်လျက် သွားလာရန်လိုအပ်ပါက၊ သတ်မှတ်လမ်းကြောင်းကို သက်ဆိုင်ရာလမ်းကြောင်းနှင့် အနီးကပ်ဆုံးရှိသည့်မြန်မာ့တပ်မတော် တပ်စခန်းများထံမှ ကြိုတင်ခွင့်တောင်းပြီး နှစ်ဦးနှစ်ဖက်သဘောတူညီချက်များ ရယူပြီးမှသာ သွားလာခြင်းပြုရန် သဘောတူသည်။

## သဘောတူညီချက် (၃)
## ဆက်ဆံရေးရုံးများဆိုင်ရာ သတ်မှတ်တာဝန်များနှင့် လုပ်ပိုင်ခွင့်

ပဏာမသဘောတူညီချက်တွင် ချင်းပြည်နယ် ထန်တလန်မြို့၊ တီးတိန်မြို့နှင့် မတူပီမြို့များ၌ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရန်သဘောတူသည်။ သဘောတူညီချက်လက်မှတ်ရေးထိုးပြီးသည်နှင့် ဆက်ဆံရေးရုံးများကို အမြန်ဆုံးဖွင့်လှစ်ရန် သဘောတူသည်။ ဆက်ဆံရေးရုံးတာဝန်ခံများသည် ချင်းအမျိုးသားတပ်ဦး၏ ဗဟိုကော်မီတီဝင်များဖြစ်ပါက ၎င်းတို့၏အဆင့်နှင့်အညီ ထိုက်တန်သောဆက်ဆံမှုများ၊ နေရာပေးခြင်းများကို ဆောင်ရွက်ပေးရန် သဘောတူသည်။ ချင်းပြည်နယ်အစိုးရအနေဖြင့် လိုအပ်သည့်လုံခြုံရေးအကူအညီများကို ဆောင်ရွက်ပေးရန် သဘောတူသည်။ သဘောတူညီထားသည့် အထက်ဖော်ပြပါနယ်မြေများအတွင်း နှစ်ဖက်သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းကမ်းချက်များ၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ တည်ဆဲဥပဒေများအတိုင်း လိုက်နာနေထိုင်သွားရန် သဘောတူသည်။

## သဘောတူညီချက် (၄)
## နိုင်ငံရေးဆွေးနွေးရာတွင် အခြေခံရမည့် မူဝါဒများ

ပြည်နယ်အဆင့်တွင် သဘောတူညီထားသည့်အတိုင်း ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးရာ၌ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအပြင် ဒီမိုကရေစီရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားများအရေး စသည်တို့အား အခြေခံပြီးဆွေးနွေးမည်။ ထိုသို့ဆွေးနွေးရာတွင် ပင်လုံစိတ်ဓါတ်ကို အခြေခံသောတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးပြဌာန်းခွင့်တို့ကို အခြေခံသည့် ပြည်ထောင်စုစစ်စစ်တည်ဆောက်နိုင်ရေးတို့ကို ဆက်လက်ဆွေးနွေးရန် သဘောတူသည်။

## သဘောတူညီချက် (၅)
## အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများဆိုင်ရာ သဘောတူညီချက်

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရမှ သဘောတူလက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများနှင့် သမစိတ္တဝတ္တရား (Moral Obligation) များအရ လေးစားလိုက်နာအပ်သော လူ့အခွင့်အရေးဆိုင်ရာ စာတမ်းများအပါအဝင်နှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့် ဆွေးနွေးရာတွင် ထည့်သွင်းစဉ်းစားရမည်။

## သဘောတူညီချက် (၆)
## ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးတိုင်ပင်ခြင်းနှင့် သက်ဆိုင်သည့် သဘောတူညီချက်

ချင်းအမျိုးသားတပ်ဦး၏ ဦးတည်ချက် (၃) ရပ်နှင့် ဒို့တာဝန်အရေးသုံးပါးအား အခြေခံလျက် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးအတွက် ချင်းအမျိုးသားတပ်ဦး

အနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကြိုတင်ညှိနှိုင်းပြီး ပြည်သူများနှင့် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးတိုင်ပင်ခြင်းများ ပြုလုပ်ရန် သဘောတူသည်။

## သဘောတူညီချက် (၇)
## ပရဟိတအဖွဲ့များဆိုင်ရာ သဘောတူညီချက်

နိုင်ငံတကာနှင့် ပြည်တွင်းပရဟိတအဖွဲ့များအနေဖြင့် ချင်းပြည်နယ်အတွင်း ပရဟိတလုပ်ငန်းများလုပ်ဆောင်ရန် ချင်းအမျိုးသားတပ်ဦးမှတစ်ဆင့် တင်ပြလာပါက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသည် လုပ်ပိုင်ခွင့်လိုင်စင်များအား တည်ဆဲဥပဒေနှင့်အညီ ထုတ်ပေးရန်မူအားဖြင့် သဘောတူသည်။ ချင်းပြည်နယ်အတွင်း ပရဟိတလုပ်ငန်းလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရထံမှ ခွင့်ပြုချက်ရရှိထားသည့် ပရဟိတအဖွဲ့နှင့် ချင်းပြည်နယ်အစိုးရတို့အကြား နားလည်မှုစာချွန်လွှာရေးထိုးရာတွင် ချင်းအမျိုးသားတပ်ဦးအား တိုင်ပင်ဆောင်ရွက်ရန် သဘောတူသည်။

## သဘောတူညီချက် (၈)
## လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်မှုမြှင့်တင်ရေး

လူမှုစီးပွားတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်မှုမြှင့်တင်ရေးလုပ်ငန်းများလုပ်ဆောင်နေသည့် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများသည် ချင်းပြည်နယ်နှင့် ချင်းလူထုအကြားတွင် အဆိုပါလုပ်ငန်းများအား လုပ်ဆောင်လိုပါက၊ သက်ဆိုင်ရာအစိုးရနှင့် ကြိုတင်ညှိနှိုင်းပြီး တည်ဆဲဥပဒေနှင့်အညီ လွတ်လပ်စွာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူသည်။

## သဘောတူညီချက် (၉)
## မူးယစ်ဆေးဝါး ပူးတွဲနှိမ်နင်းရေးဆိုင်ရာ သဘောတူညီချက်

ချင်းပြည်နယ်အတွင်းရှိ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၁၇/ ၂၀၁၁ အရ ဖွဲ့စည်းထားသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အဖွဲ့များနှင့် ချင်းအမျိုးသားတပ်ဦး/ ချင်းအမျိုးသားတပ်မတော်တို့သည် လက်တွဲပူးပေါင်းဆောင်ရွက်ရန် သဘောတူသည်။

## သဘောတူညီချက် (၁၀)
## ပြည်ဝင်ခွင့် ဗီဇာများဆိုင်ရာ သဘောတူညီချက်

နိုင်ငံခြားသားခံယူထားသည့် ချင်းအမျိုးသားများသည် ပြည်ထောင်စုမြန်မာနိုင်ငံသို့ အလည်အပတ်ခရီးလာရောက်လိုပါက ၎င်းတို့အတွက်လိုအပ်သည့် ပြည်ဝင်ခွင့်အထူးဗီဇာကို ချင်းအမျိုးသားတပ်ဦးမှတစ်ဆင့် တင်ပြလာပါက ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဆက်လက်ကူညီဆောင်ရွက်ပေးရန် သဘောတူသည်။

## သဘောတူညီချက် (၁၁)
## ချင်းအမျိုးသားနေ့

ချင်းအမျိုးသားနေ့အဖြစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့အား ပြန်လည်သတ်မှတ်ရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူသည်။

ချင်းပြည်နယ်နေ့ကို ဇန်နဝါရီလ (၃) ရက် သတ်မှတ်ရေးဆက်လက်ကြိုးပမ်းလုပ်ဆောင်ရန် သဘောတူသည်။

## သဘောတူညီချက် (၁၂)
## ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော် ဆိုင်ရာကိစ္စများ

ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်သည် လက်ရှိတည်ဆဲဥပဒေများအရ မတရားအသင်းများ ဖြစ်နေပါသည်။ ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် စိတ်ချရသည့် အခြေအနေတွင် မတရားအသင်းအဖွဲ့များအဖြစ်မှ ပယ်ဖျက်ရန်သဘောတူသည်။

ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်တို့ စတင်ဖွဲ့စည်းလာခဲ့သည့် အချိန်မှစပြီး ယနေ့အထိချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်တို့ကြောင့် ဖမ်းဆီးအကျဉ်းကျခံနေသည့် ချင်းအမျိုးသားမည်သူမဆို ဤသဘောတူညီချက်လက်မှတ်ရေးထိုးသည့် အချိန်မှစပြီး လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံတင်ပြရန် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဆောင်ရွက်ပေးရန် သဘောတူသည်။

ချင်းအမျိုးသားတပ်ဦးမှ ထုတ်ပေးသည့်သက်သေခံကဒ်ပြား နမူနာတစ်ခုစီအား ချင်းပြည်နယ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးရုံးများတွင် ထားရှိရန်သဘောတူသည်။ ချင်းအမျိုးသားတပ်ဦးမှ ထုတ်ပေးသည့်သက်သေခံကဒ်ပြားကိုင်ဆောင်ထားသူ မည်သူမဆို နိုင်ငံသားစီစစ်ရေးကဒ်ပြား လျှောက်ထားပါက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပေးရန် သဘောတူသည်။

ချင်းအမျိုးသားတပ်ဦး အဖွဲ့ဝင်များထဲမှ အမည်မဲစာရင်းသွင်းခံရသူများအား အဆိုပါစာရင်းမှ ဖယ်ရှားပေးရန်အတွက် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးရန် သဘောတူသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး/ တပ်မတော်အဖွဲ့ဝင်များအကြား " ပြည်ထောင်စုအဆင့် သဘောတူညီချက်များ " လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်း ချင်းအမျိုးသားတပ်ဦးအဖွဲ့ဝင်များနှင့် ချင်းအမျိုးသားတပ်မတော်သား မည်သူမဆို နောက်ကြောင်းပြန်တရားစွဲဆိုခြင်းမှ လုံးဝကင်းလွတ်စေရန် သဘောတူသည်။

## သဘောတူညီချက် (၁၃)
## အခြေခံအခွင့်အရေးများဆိုင်ရာ သဘောတူညီချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၉ အရ "ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေ " ဖြစ်သဖြင့် အခြေခံဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မ ၃၄၈၊ ပုဒ်မ

၃၆၂၊ ပုဒ်မ ၃၆၃၊ ပုဒ်မ ၃၅၄ (ဃ) တို့နှင့် အညီ ပြုလုပ်သည့် ဘာသာရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ တားမြစ်ချုပ်ချယ်ခြင်း၊ ဟန့်တားခြင်း၊ မျက်နှာသာပေးခြင်း၊ အကြမ်းဖက်ခြင်း စသည့် အခြေခံဥပဒေနှင့် ဆန့်ကျင်သောလုပ်ရပ်များကို "ပြည်ထောင်စုတစ်ဝမ်း၌ စစ်မက်ဖြစ်ပွားချိန်၊ တိုင်းတစ်ပါးကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်နှင့် ဆူပူသောင်းကျန်းမှု ဖြစ်ပေါ်နေချိန်မှ တစ်ပါး" လုံးဝမရှိရန် နှစ်ဦးနှစ်ဖက်မှ ပူးတွဲလုပ်ဆောင်ရန် သဘောတူသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) တွင် ပြဋ္ဌာန်းထားသည့် "နိုင်ငံသားနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး" ပါ ပြဋ္ဌာန်းချက်များအား အပစ်အခတ်ရပ်စဲထားသည့် ကာလတစ်လျှောက် "စစ်မက်ဖြစ်ပွားချိန်၊ တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်နှင့် ဆူပူသောင်းကျန်းမှုဖြစ်ပေါ်နေချိန်မှ တစ်ပါး" နှစ်ဦးနှစ်ဖက်မှ ချွင်းချက်မရှိ လိုက်နာရန်နှင့် "အခြေခံဥပဒေပါ နိုင်ငံသားနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ" အား ပြည်သူအပေါ်ကျူးလွန်သူမည်သူမဆို တရားဥပဒေနှင့် အညီ၊ ထိုက်တန်စွာအရေးယူအပြစ်ပေးရန်နှင့် နောက်နောင်တွင် အလားတူ အခြေခံလူ့အခွင့်အရေးများ ကျူးလွန်ခြင်းမရှိစေရေး နှစ်ဦးနှစ်ဖက်မှ ပူးတွဲကြိုးပမ်းလက်တွဲလုပ်ဆောင်သွားရန် သဘောတူသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ (၃၅၈) တွင် ပြဋ္ဌာန်းချက်နှင့် အညီ အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း နှစ်ဦးနှစ်ဖက်မှ အတင်းအဓမ္မစေခိုင်းခြင်း၊ ကျေးကျွန်ပြုခြင်း၊ လူကုန်ကူးခြင်းစသည့် အခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည့် လုပ်ရပ်များကို ချင်းပြည်နယ်အတွင်း နှစ်ဦးနှစ်ဖက်မှ ကျူးလွန်ခြင်းမပြုရန် သဘောတူသည်။

## သဘောတူညီချက် (၁၄)
## အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့

အပစ်အခတ်ရပ်စဲပြီး၊ ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် သဘောတူထားသည့် အချက်များအား တစ်ဖက်နှင့် တစ်ဖက် တည်ကြည်ရိုးသားစွာဖြင့် လိုက်နာခြင်းရှိမရှိကို ကြားနေစောင့်ကြည့်လေ့လာမည့် "အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့" ကို ဥပဒေပညာရှင်များအားပါဝင်စေလျက် ချင်းငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့အား အခြေပြုပြီး နှစ်ဦးနှစ်ဖက်ညှိနှိုင်းဖွဲ့စည်းသွားရန် သဘောတူသည်။

အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များဖြစ်သည့် ပဏာမအဆင့်သဘောတူညီချက် (၉) ချက်အပါအဝင် ပြည်ထောင်စုအဆင့် သဘောတူညီချက်များအား ပြည်ထောင်စုအစိုးရ၊ မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ချင်းပြည်နယ်အစိုးရ၊ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်တို့မှ လေးစားလိုက်နာခြင်းရှိမရှိကို လေ့လာစောင့်ကြည့်၍ ကျူးလွန်ဖောက်ဖျက်ခြင်းများရှိလာခဲ့ပါက "ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့" သို့ ချက်ခြင်းအကြောင်းကြားရန် သဘောတူသည်။

လိုအပ်လာလျှင် လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသည့် နိုင်ငံတကာလေ့လာစောင့်ကြည့်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး လိုအပ်သည့်လုပ်ပိုင်ခွင့်များပေးအပ်ရန် မူအားဖြင့် သဘောတူသည်။

## သဘောတူညီချက် (၁၅)
## ပဋိပက္ခများငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းရေး အဖွဲ့ဖွဲ့စည်းခြင်း

အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း မတော်တဆထိပ်တိုက်ရင်ဆိုင်မှုများ မဖြစ်ပွားနိုင်ရန် နှစ်ဦးနှစ်ဖက်အနေဖြင့် သဘောတူညီချက်များကို တသွေမတိမ်းလိုက်နာရန် ကတိပြုသည့်အပြင် မတော်တဆဖြစ်မှုများဖြစ်ခဲ့ပါက လက်နက်ဖြင့်ပဋိပက္ခများအား ဖြေရှင်းခြင်း၊ ကိုယ်ထိလက်ရောက်အကြမ်းဖက် ဖြေရှင်းခြင်းများ မပြုလုပ်ရန်နှင့် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့၏ အဆုံးအဖြတ်ကိုခံယူရန် သဘောတူသည်။

ချင်းပြည်နယ် နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီးဦးဆောင်သည့် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ပဋိပက္ခဖြစ်ပွားရာ ဒေသရှိချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်ဆက်ဆံရေးအရာရှိ၊ နယ်မြေခံဗျူဟာမှူး (သို့မဟုတ်) နယ်မြေခံတပ်မတော်အရာရှိ၊ နယ်မြေခံမြန်မာနိုင်ငံရဲတပ်ဖွဲ့ အကြီးအကဲ၊ ချင်းငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌက တာဝန်ပေးသည့်ပုဂ္ဂိုလ်များနှင့် ဒေသခံအပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှုစောင့်ကြည့်ရေးအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရန်သဘောတူသည်။

ပဏာမအဆင့် သဘောတူညီချက်များနှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်အား ကျူးလွန်ဖောက်ဖျက်ခြင်းရှိသည်ဟု ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်၏ ဆက်ဆံရေးတာဝန်ခံကသော်လည်းကောင်း၊ မြန်မာ့တပ်မတော်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဦးကသော်လည်းကောင်း၊ အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့ကသော်လည်းကောင်း၊ ချင်းပြည်နယ် နယ်စပ်ဒေသလုံခြုံရေးဝန်ကြီးထံသို့ တိုင်ကြားလာပါက ဝန်ကြီးသည် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို (၇) ရက်အတွင်းခေါ်ယူပြီး ပဋိပက္ခပြဿနာများကို ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေးဦးစီးလုပ်ဆောင်ရန် သဘောတူသည်။

ပဏာမသဘောတူညီချက် (၉) ချက်နှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်များကို အခြေခံလျက် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် နှစ်ဦးနှစ်ဖက်ကသဘောတူလျှင် အဆိုပါဆုံးဖြတ်ချက်သည် အတည်ဖြစ်ရမည်ဟု သဘောတူသည်။

ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အား နှစ်ဦးနှစ်ဖက်ဖြစ်စေ၊ တစ်ဖက်ဖက်မှဖြစ်စေ၊ သဘောတူလက်ခံနိုင်ခြင်းမရှိပါက ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော် ခေါင်းဆောင်များ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အနောက်ပိုင်းတိုင်းနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်များမှ တာဝန်ရှိသူများအပြင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ဝင်များပါဝင်လျက် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းရမည်ဟု သဘောတူသည်။

အထက်ပါ သဘောတူညီချက် (၁၅) ချက်ကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေး၊ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားများအရေးနှင့် ဒီမိုကရေစီရှင်သန်ထွန်းကားရေးတို့အတွက် အခြေခံအုတ်မြစ်များအဖြစ် လက်ခံလျက် လေးနက်တည်ကြည်စွာ ချွင်းချက်မရှိ လေးစားလိုက်နာအကောင်အထည် ဖော်ဆောင်ပါမည့်အကြောင်း အပြန်အလှန်ယုံကြည်စွာဖြင့် ဤပြည်ထောင်စုအဆင့် သဘောတူညီချက်များကို ခရစ်သက္ကရာဇ် ၂၀၁၂ ခုနှစ်၊ မေလ (၇) ရက်၊ မြန်မာ

သက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂) ရက်နေ့ ၁၉၁၇ အချိန်တွင် ချင်းပြည်နယ်မြို့တော် ဟားခါး မြို့ရှိ ပြည်ထောင်စုရိပ်သာ၌ သဘောတူလက်မှတ်ရေးထိုး ကြပါသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ချင်းအမျိုးသားတပ်ဦးတို့၏ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းမှုအပြီး နှစ်ဘက်လက်မှတ်ရေးထိုးသည့် သဘောတူညီချက်**

**၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်** **Myanmar Peace Center**

**ရန်ကုန်မြို့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ ချင်းအမျိုးသားတပ်ဦး နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖေါ်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ချင်းအမျိုးသားတပ်ဦးတို့သည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့မှ (၉) ရက်နေ့အထိ ရန်ကုန်မြို့၊ Myanmar Peace Center ၌ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲတွင် ချင်းအမျိုးသားတပ်ဦး (CNF) မှ တင်ပြသည့်အချက် ၂၇ ချက်အား ဆွေးနွေး ကြပြီးနောက် အောက်ပါအတိုင်း သဘောတူညီကြပါသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးဖေါ်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ချင်းအမျိုးသားတပ်ဦးတို့၏ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းမှုအပြီး နှစ်ဖက်လက်မှတ်ရေးထိုးသည့် သဘောတူညီချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနှစ် (၆၀) ကျော်ဖြစ်ပွါးခဲ့သော လက်နက်ကိုင် ပဋိပက္ခ များကို ချုပ်ငြိမ်းစေလျက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းအလို့ငှာ အောက်ပါ အဆင့်သုံးဆင့်ပါဝင်သော ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖေါ်ဆောင်ရေးလုပ်ငန်းကော်မတီ နှင့် ချင်းအမျိုးသားတပ်ဦးတို့က နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူကြပါသည်။

(က) စစ်ရေးအပါအဝင် ရန်မူပစ်ခတ် တိုက်ခိုက်မှုများကို ရပ်ဆိုင်းခြင်း၊

(ခ) ပြည်ထောင်စုအဆင့် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲများကျင်းပခြင်း၊

(ဂ) ပင်လုံစိတ်ဓါတ်ကို အခြေခံသည့် ပြည်ထောင်စုညီလာခံကြီးတရပ်ကျင်းပ၍ "ပြည်ထောင်စုသဘောတူစာချုပ်" တရပ်ကို ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံညီညွတ်စွာ လက်မှတ်ရေးထိုးနိုင်သည် အထိ ဆက်လက်ဆောင်ရွက်ခြင်း။

၂၀၁၂ ခုနှစ်၊ ဇန္နဝါရီလ (၆) ရက်နေ့တွင် ဟားခါးမြို့၌ ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ အကြား အချက် (၉) ချက် ပါဝင်သော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လည်းကောင်း၊ ၂၀၁၂ ခုနှစ် မေလ (၇) ရက်နေ့တွင် ဟားခါးမြို့၌ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ကိုယ်စားလှယ်များနှင့် ချင်းအမျိုးသားတပ်ဦး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ချင်းငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေး အကျိုးတော်ဆောင်များကို အသိသက်သေအဖြစ် ပါဝင်စေလျက် အချက် (၁၅) ချက်ပါ ပြည်ထောင်စုအဆင့် သဘောတူညီချက်များကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ယင်းသဘောတူညီချက်များအား ပြည်ထောင်စုငြိမ်းချမ်းရေး ဖေါ်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ချင်းအမျိုးသာတပ်ဦး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့မှ ထပ်လောင်းအတည်ပြုပါသည်။

၂၀၁၂ ခုနှစ်၊ မေလ (၇) ရက်နေ့တွင် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ဝင်များနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား ချုပ်ဆိုထားသည့် သဘောတူညီချက် အပိုဒ် (၄) တွင် ပါရှိသည့် **"နိုင်ငံရေးတွေ့ဆုံဆွေးနွေးရာတွင် အခြေခံရမည့်မူဝါဒ"** များဖြစ်ကြသော ဒို့တာဝန်အရေးသုံးပါး ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့အပြင် ဒီမိုကရေစီထွန်းကားရေး၊ ပြည်ထောင်စုအရေးနှင့် တိုင်းရင်းသားလူမျိုးများအရေး တို့ဖြစ်သည့် ပင်လုံစိတ်ဓါတ်ကို အခြေခံသော တန်းတူညီမျှရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံချက်ပေးနိုင်သည့် ပြည်ထောင်စုစစ်စစ်တည်ဆောက်ရေးတို့ကို ဤသဘောတူညီချက်ပါ ငြိမ်းချမ်းရေး ဖြစ်စဉ် ဒုတိယအဆင့်နှင့် တတိယအဆင့်များတွင် ခြေခံရမည့် **"အခြေခံမူဝါဒ"** များ အဖြစ် ထပ်လောင်း အတည်ပြုပါသည်။

လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကား၍ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် ဤသဘောတူချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖေါ်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် ချင်းအမျိုးသားတပ်ဦး ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည် ပြည်ထောင်စုငြိမ်းချမ်းရေး အကျေိုးတော်ဆောင်အဖွဲ့၊ ချင်းငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့နှင့် လေ့လာသူများရှေ့၌ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ဤသဘောတူညီချက်များကို လက်မှတ်ရေးထိုးကြပါသည်။

**ချင်းအမျိုးသားရေးဆိုင်ရာ သဘောတူညီချက်**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ၁၈၉၆ ခုနှစ်၊ ချင်းတောင်တန်း အက်ဥပဒေ (**The Chin Hills Regylation, 1896**) ဖြင့် အုပ်ချုပ်ခဲ့သော ချင်းတောင်တန်းဒေသ၊ ကချင်တောင်တန်းဒေသဥပဒေ (**The Kachin Hill Tribes Regulation)** ဖြင့်အုပ်ချုပ်ခဲ့သော ကချင်တောင်တန်းဒေသ၊ ပြည်ထောင်စု ရှမ်းပြည်အက်ဥပဒေ (**Federated Shan States**) ဖြင့် အုပ်ချုပ်ခဲ့သော ပြည်ထောင်စုရှမ်းပြည်နှင့် (**The Govemmnet of Burma Act, 1935**) အရ အုပ်ချုပ်ခဲ့သော နယ်မြေများကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုခဲ့သော **"ပင်လုံစာအုပ်"** အရ စုပေါင်း၍ ဖွဲ့စည်းတည်ထောင်သည့် ပြည်ထောင်စုဖြစ်ပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ ပင်လုံညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရည်မှန်းခဲ့သည့်အတိုင်း တိုင်းရင်းသားလူမျိုးများအကြား တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်သည့် ပြည်ထောင်စု စစ်စစ်တည် ဆောက်ရေးကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန် သဘောတူကြပါသည်။

(၂) ချင်းအမျိုးသားတို့၏ အမြတ်တနိုးတန်ဖိုးထားသည့် နေ့ရက်ဖြစ်သည့် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို ချင်းအမျိုးသားနေ့ အဖြစ် ပြန်လည်သတ်မှတ်ရန်နှင့် ချင်းပြည်နယ်တွင် ယင်းနေ့ရက်အား ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရန်တို့ကို ပြည်နယ်အစိုးရမှ ဆက်လက်ဆောင်ရွက်ရန် သဘောတူသည်။

(၃) ချင်းဝိသေသတိုင်းမှ ချင်းပြည်နယ်အဖြစ်သို့ ပြောင်းလဲသတ်မှတ်သည့် ဇန္နဝါရီလ(၃) ရက်နေ့အား ချင်းပြည်နယ်နေ့ အဖြစ်သတ်မှတ်ရေးကို ချင်းပြည်နယ်အစိုးရက ဆက်လက်ဆောင်ရွက်ရန် သဘောတူသည်။

## အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်

(၄) ပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ကို ၂၀၁၂ခုနှစ်၊ ဇန္နဝါရီလ(၆)ရက်နေ့တွင် ချုပ်ဆိုပြီးနောက် အပစ်ခတ်ရပ်စဲစဉ် ကာလအတွင်း ချင်းအမျိုးသားတပ်ဦးနှင့် ပြည်သူလူထုအကြား ဆက်သွယ်ဆက်ဆံမှုအားလုံးကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ လည်းကောင်း၊ မတရားအက်ဥပဒေအရသော်လည်းကောင်း၊ အရေးယူခြင်း မပြုလုပ်ရန် သဘောတူသည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်မှုများသည် အခြားပြဌာန်းထားသည့် ဥပဒေများနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို ဖောက်ဖျက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(၅) ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ ညှိနှိုင်း၍ လွတ်လပ်သော ချင်းလူ့အခွင်းအရေး ကော်မတီကို ဖွဲ့စည်းရန်သဘောတူသည်။ ယင်းကော်မတီသည် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်ရေးကော်မရှင်၊ ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ သို့ အစီရင်ခံစာတင်သွင်းရမည်။ ယင်းသို့ အစီရင်ခံစာ တင်ပြရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများ၊ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေများကို အခြေခံတင်ပြရန်ဖြစ်သည်။

(၆) ချင်းပြည်နယ်အတွင်းရှိ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု များ အပေါ် လေ့လာမှုများပြုလုပ်သွားမည်။ အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများအား

လေ့လာနိုင်ရေးအတွက် အကျိုးသက်ရောက်မလေ့လာရေးကော်မတီ တစ်ရပ်ကို လွတ်လပ်သေသည ကျွမ်းကျင်သူ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရန် သဘောတူသည်။ ချင်းပြည်နယ်အတွင်း မြေပေါ်၊ မြေအောက် သယံဇာတ ထုတ်လုပ်ရာတွင် ဒေသခံ ပြည်သူလူထု၏ ဆန္ဒကို ဦးစားပေး ထည့်သွင်း စဉ်းစားမည့် ( **Free prior Informed Consent** ) လုပ်ထုံးလုပ်နည်းကို ဆောင်ရွက်ရန် သဘောတူသည်။

## စစ်ဘက်ဆိုင်ရာ သဘောတူညီချက်

(၇) မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားတပ်ဖွဲ့များမှ လိုက်နာစောင့်ထိန်းအပ်သော စစ်ဖက်ဆိုင်ရာကျင့်ဝတ် စည်းကမ်းများအား တိုင်းရင်းသားပေါင်းစုံ ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးရန် သဘောတူသည်။

(၈) **(က)** ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ ဗန်ဇန်ကျေးရွာအုပ်စု၊ လုံဒိမ်းကျေးရွာအုပ်စု၊ လဲလ်ဟာရ် ကျေးရွာအုပ်စု၊ လုံလ်ပီးလုံကျေးရွာအုပ်စုနှင့် တီးတိန်မြို့နယ်ရှိ ဒမ်ပီးကျေးရွာအုပ်စုတို့တွင် ချင်းအမျိုးသားတပ်မတော်နှင့် ချင်းအမျိုးသားတပ်ဦးတပ်ဖွဲ့ဝင်များအား အခြေချနေထိုင်ခွင့်ပြုရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီက တစ်လအတွင်းစာဖြင့် အကြောင်းပြန်ကြားရန် သဘောတူသည်။

**(ခ)** ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တင်ပြထားသည့် ကျန်ကျေးရွာအုပ်စုများနှင့်စပ်လျဉ်း၍ တတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ပြန်လည်ဆွေးနွေးရန် သဘောတူသည်။

**(ဂ)** ချင်းပြည်နယ်အတွင်း မြန်မာ့တပ်မတော်၊ အစိုးရလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ချင်းအမျိုးသားတပ်မတော်တို့သာ နေရာချထားခွင့်ပြုရန် သဘောတူသည်။

(၉)ချင်းအမျိုးသားတပ်မတော်သားများ တပ်လှုပ်ရှားမှုပြုလုပ်ရာတွင်လည်းကောင်း၊ တပ်အပြောင်းအရွှေ့ပြုလုပ်ရာတွင်လည်းကောင်း၊ ချင်းအမျိုးသားတပ်မတော် အခြေစိုက်နယ်မြေ အဖြစ်သတ်မှတ် ထားသော ပြင်ပနယ်မြေသို့ လက်နက်ဖြင့် ဝင်ထွက်သွားလာရာတွင် မြန်မာ့တပ်မတော်၏ မြန်မာ့တပ်မတော်၏ အနီးစပ်ဆုံးတပ်စခန်း သို့မဟုတ် နယ်မြေခံတပ်ရင်း သို့မဟုတ် နယ်မြေခံဗျူဟာမှူး ထံ အသိပေးအကြောင်းကြားရန်နှင့် နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိမှသာ နယ်မြေဖြတ်သန်းခွင့် ပြုရန် သဘောတူသည်။

(၁၀) ပြည်ထောင်စုအစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ စတင်ရပ်ဆိုင်းသည့် အချိန်မှစ၍ ခင်းအမျိုးသားတပ်ဦးအား တရားဝင်နေထိုင်ခွင့်ပြုထားသည့် နယ်မြေများနှင့် ထိစပ်နေရာများတွင် စစ်ရေးလေ့ကျင့်မှုများပြုလုပ်မည်ဆိုပါက နှစ်ဖက်အကြား သဘောတူညီမှု ရယူဆောင်ရွက်ရန် သဘောတူသည်။

(၁၁) ချင်းအမျိုးသားတပ်ဦး၊ ချင်းအမျိုးသားတပ်မတော်သားများနှင့် ၎င်းတို့အခြေချသည့် သတ်မှတ်နယ်မြေများရှိ ချင်းပြည်သူလူထု၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတကာမိသားစုနှင့် အစိုးရမဟုတ်သော အဖွဲ့စည်းများမှ ပံ့ပိုးကူညီမှုများအား ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ တိုက်ရိုက်လက်ခံရယူခွင့် ပြုရန် သဘောတူသည်။

## ဖွံ့ဖြိုးရေးဆိုင်ရာ သဘောတူညီချက်

**(၁၂)** ပြည်ထောင်စုအစိုးရနှင့် ချင်းပြည်နယ် အစိုးရတို့သည် ချင်းပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းအမျိုးသားတပ်ဦး၏ ဆောင်ရွက်မှုများကို တတ်နိုင်သ၍ အကူအညီများ ပေးသွားမည်။ ထိုသို့ဆောင်ရွက်ရာတွင် ချင်းအမျိုးသားတပ်ဦးအနေဖြင့် ကော်မတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို တရားဝင်ထူထောင်ပြီး INGO, NGO များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခွင့် ရှိကြောင်း သဘောတူသည်။

**(၁၃)** အပိုဒ် (၁၂) အရ ဖွဲ့စည်းထားသည့်ကော်မတီ သို့မဟုတ် အဖွဲ့အစည်းအနေဖြင့် ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲနိုင်ရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရန် သဘောတူသည်။

(က) ချင်းပြည်နယ်တွင် လက်တွေ့ကျပြီး ရပ်ရွာများအနေဖြင့် မိမိတို့ကိုယ်တိုင် ကမကထပြု၍ ဦးဆောင်အကောင်အထည်ဖော်သော စနစ်ကို အခြေခံကာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များ(TORs)ကို ချင်းအမျိုးသားတပ်ဦးသည် ချင်းပြည်နယ်အစိုးရနှင့် ညှိနှိုင်းသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ခ) ယင်းကနဦး လေ့လာမှုများ ပြုလုပ်ရေးအတွက် အရည်အချင်းပြည့်မီပြီး အတွေ့အကြုံရှိသော နိုင်ငံတကာ ပညာရှင်များ ငှါးရမ်းဆောင်ရွက်ပြီး လေ့လာတွေ့ရှိချက်ကို ယင်းပညာရှင်များက ၂၀၁၃ခုနှစ်၊ ဖွန်လမတိုင်မီ ချင်းအမျိုးသားတပ်ဦး၊ ပြည်ထောင်စုအစိုးရနှင့် ချင်းပြည်နယ်အစိုးရထံ တင်ပြခြင်း။

(ဂ) နိုင်ငံခြားပညာရှင်များက လေ့လာစူးစမ်းမှုပြုလုပ်နိုင်ရေးအတါက် ယင်းတို့အား ဝင်ထွက်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း။

**(၁၄)** ချင်းလူမျိုးများအကြား ဆက်သွယ်ရေး ပြေပြစ်ချောမွေ့စေရေးနှင့် သတင်းမီဒီယာပိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် မိမိတို့မျိုးနွယ်စု ဘာသာစကားဖြင့် ထုတ်လွှင့်မည့် Community Radio ထူထောင်ရေး အစီအစဉ်ကို ပြည်ထောင်စုအစိုးရ၊ ချင်းပြည်နယ် အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့မှ ပူးတွဲ အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူသည်။

**(၁၅)** ချင်းပြည်နယ်အတွင်း ကွန်ပျူတာ၊ အိုင်တီ ပညာရပ်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရ၊ ချင်းပြည်နယ် အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့မှ ပူးတွဲ အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူသည်။

**(၁၆)** ချင်းပြည်နယ်တွင် အထူးစီးပွါးရေးဇုံများ၊ ထူထောင်ရန်အတွက် ပြည်ထောင်စုအစိုးရ၊ ချင်းပြည်နယ် အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့မှ ပူးတွဲ အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူသည်။

**(၁၇)** ခရီးသွားလာရေး လွယ်ကူချောမွေ့စေရေးအတွက် ချင်းပြည်နယ်အတွင်း သင့်လျော်သည့် နေရာတွင် ခေတ်မီလေယာဉ်ကွင်း အနည်းဆုံးတစ်ခု တည်ဆောက်ရန် ပြည်ထောင်စုအစိုးရက ကွင်းဆင်းလေ့လာမှု ပြုလုပ်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် သဘောတူသည်။

**(၁၈)** ချင်းပြည်နယ် ဖွံ့ဖြိုးရေးအတွက် တွန်းဇံမြို့နယ်မှ ပလက်ဝမြို့နယ်အထိ ချင်းပြည်နယ်အတွင်းရှိ မြို့များအားလုံးကို ဆက်သွယ်ပေးနိုင်သော လမ်းမကြီး ဖောက်လုပ်လျက်ရှိရာ အဆင့်မီပြည်ထောင်စုလမ်းမကြီး အဖြစ်သို့ တည်ဆောက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သဘောတူသည်။

**(၁၉)** ချင်းပြည်သူများ၏ လူမှုဘဝတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ရေ၊ မီး အပါအဝင် စားဝတ်ရေရေးဖူလုံးရေး၊ ပညာရေးနှင့် ကျန်းမာရေး လုံလောက်စွာရရှိရေးအတွက် ပြည်ထောင်စုအစိုးရ၊ ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ ပူးပေါင်း၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူသည်။

**(၂၀)** ချင်းပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ ကမ္ဘာ့လှည့်ခရီးသည်များအား လွတ်လပ်စွာ ဝင်ထွက် သွားလာခွင့်ကို ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူသည်။

**လူမှုရေးနှင့် ယဉ်ကျေးမှုကိစ္စရပ်များဆိုင်ရာ သဘောတူညီချက်**

**(၂၁)** ချင်းပြည်နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ချင်းတိုင်းရင်းသားစာပေများကို မူလတန်းအဆင့် သင်ကြားခြင်း၊ ဆက်လက်တိုးမြင့်သင်ကြားခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရမှ ဆက်လက်တင်ပြ အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူသည်။

**(၂၂)** ချင်းအမျိုးသားတို့ အမြတ်တနိုးတန်ဖိုးထားသော ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို အချင်းချင်းဖလှယ်နိုင်ရေးနှင့် ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် **" ချင်းယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး သင်တန်းကျောင်း "** အား ချင်းပြည်နယ် အတွင်း သင့်လျော်သည့် နေရာများတွင် ဖွင့်လှစ်ရန်သဘောသူသည်။

**(၂၃)** မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့် ရှင်သန်ပွင့်လင်းရေးကို ဦးထိပ်ထားသောအားဖြင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ သမ္မာကျမ်းစာအုပ်အပါအဝင် ဘာသာရေးဆိုင်ရာ စာအုပ်စာပေများ လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့်၊ ခရစ်ယာန်ဘာသာအပါအဝင် အခြားဘာသာများမှ သာသနာပိုင် မြေယာများ ပိုင်ဆိုင်ခွင့်၊ ဘုရားကျောင်းများအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပိုင်ခွင့်၊ နိုင်ငံတကာ ဘာသာရေးအသင်းအဖွဲ့များနှင့် လွတ်လပ်စွာ ဆက်သွယ်ခွင့်၊ သာသနာပြုခွင့်၊ ချင်းပြည်နယ်အတွင်း လွတ်လပ်စွာ သွားလာခွင့်၊ လူမှုရေးနှင့်

လူသားချင်းစာနာထောက်ထားသော လုပ်ငန်းများကို ပြည်ထောင်စုအစိုးရ၊ ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ ညှိနှိုင်းဆောင်ရွက်ရန် သဘောတူသည်။

**(၂၄)** အစိုးရဝန်ထမ်း ရွေးချယ်ခန့်ထားရာတွင် လည်းကောင်း၊ ရာထူးအဆင့်တိုးမြှင့်ခြင်းများတွင် လည်းကောင်း လူမျိုး၊ ကိုးကွယ်သည့် ဘာသာနှင့် လိင်ကွဲပြားမှုကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုလုပ်ရန် သဘောတူသည်။

**(၂၅)** ချင်းပြည်နယ်အတွင်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ရေဒီယို၊ အင်တာနက်နှင့် တီဗွီအစီစဉ် ထုတ်လုပ်ရေးလုပ်ငန်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်၊ ထုတ်လုပ်ဖြန့်ချိလုပ်ကိုင်ခွင့် လိုင်စင်များကို ထုတ်ပေးရန် သဘောတူသည်။

**(၂၆)** ချင်းအမျိုးတပ်ဦးအနေဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဥပဒေနှင့်အညီ ရံပုံငွေရှာဖွေခွင့်ပြုရန် သဘောတူသည်။

**(၂၇)** ချင်းပြည်နယ်ပြင်ပတွင် နေထိုင်ကြသော ချင်းလူမျိုးများ ဖွံ့ဖြိုးရေး၊ လူမှုရေး၊ ပညာရေး၊ အထောက်အကူပြု လုပ်ငန်းများအတွက်လည်းကောင်း၊ ချင်းပြည်သူများ ချေမွေ့စာ ခရီးသွားလာနိုင်ရေးအတွက်လည်းကောင်း ချင်းပြည်နယ် ဂေဟာများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ၊ ကလေး၊ စစ်တွေနှင့် ဆိတ်ဖြူမြို့များတွင် ပြည်ထောင်စုအစိုးရ၊ ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ ပူးပေါင်းကာ တဖြည်းဖြည်းတည်ဆောက်သွားရန် သဘောတူသည်။

**(၂၈)** အထက်ဖော်ပြပါအချက်များကို သဘောတူညီကြပါသဖြင့် အောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

**ပြည်ထောင်စုအဆင့်**
**ငြိမ်းရေးဖော်ဆောင်ရေးကော်မတီ**

**ချင်းအမျိုးသားတပ်ဦး(CNF)**
**ငြိမ်းရေးဖော်ဆောင်ရေးကော်မတီ**